အင်တာနက်သုံးပါ®

# BASIC FACTS
## ABOUT INTERNET

# FREQUENTLY ASKED QUESTIONS
# FAQ

### အင်တာနက်ဆိုတာ ဘာလဲ?

Internet = inter + net
= international + computer network

ပညာရေး၊ စီးပွားရေး၊ ဘာသာရေး၊ ဖျော်ဖြေရေး၊ အစိုးရ၊ စစ်ရေး၊ အားကစား၊ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များကို သတင်း အချက်အလက်၊ ဝန်ဆောင်မှု မျိုးစုံရရှိအောင် တစ်ကမ္ဘာလုံးကို စုပေါင်း ဆက်သွယ် ထားတဲ့ ဧရာမ ကွန်ပျူတာ ကွန်ယက် စနစ် ဖြစ်ပါတယ်။

### အင်တာနက်ဆိုတာ ဘယ်တုန်းက စပြီးပေါ်လာတာလဲ?

အင်တာနက် စတင်ပေါ်ပေါက်ခဲ့တာ အနှစ် ၄၀ ကျော်ခဲ့ ပါပြီ။ အရင်က စစ်ရေးအတွက်သာ သုံးခဲ့တာဖြစ်ပြီး၊ ၁၉၉၅ ရောက်မှ ပုဂ္ဂလိကတွေကို သုံးခွင့် ပေးခဲ့တာပါ။

### အင်တာနက်နဲ့ ဘာတွေလုပ်ကြသလဲ?

အင်တာနက်ပေါ်မှာ ဈေးရောင်းပါတယ်။ ကြော်ငြာပါတယ်။ customer service ပေးပါတယ်။ ပညာသင်ကြတယ်၊ အလုပ်ရှာ ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ကြ၊ ဗဟုသုတ ရှာဖွေကြ ဖလှယ်ကြတယ်။ ဥပမာ– ကိုက်မှန့် ဖုတ်နည်းကအစ AIDS ရောဂါကုထုံး အဆုံး အင်တာနက် ပေါ်မှာ ရှိကြတယ်။ မရောက်ဖူးသေးတဲ့ ဒေသတွေကို အင်တာနက်ကနေ အရင်ကြိုပြီး လေ့လာကြတယ်။ facebook.com, Twitter.com လိုမျိုး social network website တွေက မိတ်ဆွေသစ်ဖောက်သည် အသစ်တွေ ရကြပါတယ်။

> *အင်တာနက်ကို အခွင့်အလမ်း တစ်ခုလို့ မမြင်နိုင်ရင် အသုံးမချနိုင်ရင် (သင့်ပြိုင်ဘက်/ရန်သူတွေက သုံးနိုင်တဲ့အတွက်) အင်တာနက်ဟာ သင့် (လုပ်ငန်း၊ အဖွဲ့အစည်း) ကို ခြိမ်းခြောက်တဲ့ အရာတစ်ခု ဖြစ်လာလိမ့်မယ်။ ဘယ်လိုဘဲဖြစ်ဖြစ် အင်တာနက်ဆိုတာဟာ နောင်နှစ် အနည်းငယ် အတွင်းမှာ ရုံးမှာသုံးတဲ့ တယ်လီဖုန်းလို လူတိုင်းသုံးတဲ့ အရာတစ်ခု ဖြစ်လာလိမ့်မယ်။*
>
> *ဗြိတိသျှ ဝန်ကြီးချုပ် တိုနီ ဘလဲယား*

### အင်တာနက်ကြော်ငြာဆိုတာ ထိရောက်သလား?

အများကြီး ထိရောက်ပါတယ်။ အခုခေတ် မြန်မာပြည်မှာတောင် တယ်လီဖုန်းနဲ့ ဆက်သွယ်လို့ရတဲ့ သူနဲ့ မရတဲ့သူ ဘယ်လောက် အခြေအနေ ကွာသလဲဆိုတာ စဉ်းစား ကြည့်ပါ။ အင်တာနက်ကနေ ဆက်သွယ်လို့ရတဲ့သူနဲ့ မရတဲ့သူ အဲဒီလောက် ကွာပါတယ်။

တလောက လုပ်ငန်းရှင် တစ်ယောက်ဆိုရင် ကျပ် ၅ သိန်းလောက် အကုန်ခံပြီး ဝဗ်ဆိုက်တစ်ခု လုပ်ထားခဲ့ပြီး တစ်နှစ်ကြာလို့ နှစ်ချုပ်တဲ့အခါမှာ ဝဗ်ဆိုက်က သီးသန့်တိုက်ရိုက် ရောင်းရတဲ့ တန်ဘိုးက သိန်း ၂၀၀ ကျော်ဘိုး ရှိတာတွေ့ခဲ့ရ ပါတယ်။

စဉ်းစားကြည့်ပါဗျာ။ တစ်နှစ်ကို ၅သိန်း (တစ်လ ၄ သောင်းလောက်) နဲ့ ခန့်ထားတဲ့ ဝန်ထမ်းတစ်ယောက်က ဘယ်လိုမှ သိန်း၂၀၀ ဘိုး မရောင်း ပေးနိုင်ဘူးလို့ ဒီလုပ်ငန်းရှင်က တွက်တယ်။ ဝဗ်ဆိုက် လုပ်ထားတာ ဝန်ထမ်းတစ်ယောက် ခန့်ထားတာထက် အများကြီး ပိုတန်တယ်။ ပိုအကျိုးရှိတယ်။ ဒီတော့ သူက အခြားနာမည်နဲ့ ဝဗ်ဆိုက် နောက်တစ်ခု ထပ်လုပ်တယ်။

### ဝဗ်ဆိုက်ဆိုတာ ကြော်ငြာတာလား?

မဟုတ်ပါဘူး။ web site ဆိုတာ ကြော်ငြာထက် အများကြီး ပိုပါတယ်။ ဝဗ်ဆိုက်ဆောက်တယ်ဆိုတာ အင်တာနက်ပေါ်မှာ ရုံးခန်း/ဆိုင်ဖွင့်တာပါ။ ဒါကို အင်တာနက်မှာ ကြော်ငြာထည့်တယ်လို့ လွယ်လွယ်ပြောကြပြီး၊ လုပ်ငန်းရှင် အတော်များများကလဲ မှားပြီး နားလည်ထားကြ ပါတယ်။ banner/ video advertising, internet advertising ကိုမှ အင်တာနက် ကြော်ငြာလို့ ပြောတာ မှန်ပါမယ်။

*http://www.*




**Web development is our specialty.**

## e-PRESENSE

- *e-presence မရှိလျှင် nobody knows that you exist လို့တောင် ခုခေတ်မှာ တင်စားပြောနေကြပါပြီ။ လူကြီးမင်း ရဲ့လုပ်ငန်းဟာ အင်တာနက် ပေါ်မှာ ရှိတယ်ဆိုရင် အများကအလွယ်တကူ ရှာတွေ့ နိုင်ပါတယ်။*
- *ဒီခေတ်ကြီးမှာ မိမိလုပ်ငန်း ကို အင်တာနက်ပေါ်က ဆက်သွယ်လို့ ရကြောင်း ပြသဘို့ လိုပါတယ်။ အဲဒီလိုလုပ်ဘို့ အနည်းဆုံး အခြေခံ အကျဆုံး web site တစ်ခု လိုအပ် ပါတယ်။*

## EMPOWER YOUR BUSINESS

- *'ယခုခေတ်တွင် အင်တာနက်သည် အစွမ်း အထက်ဆုံး စီးပွားရေးလက်နက် ဖြစ်သည်' လို့ ဆိုကြပါတယ်။*
- *အင်တာနက်ကို ကိုယ့်လုပ်ငန်း၊ ကိုယ့် အဖွဲ့ အစည်း အတွက် သုံးတတ်ရင် သုံးတတ်သလို တိုးတက် နိုင်ပြီး၊ မသုံးတတ်ရင် မသုံးတတ်သလို ပြိုင်ဘက်တွေက ဈေးကွက် လုယူသွား လိမ့်မယ်။*
- *ရှောင် လို့မရမဲ့ အတူတူ၊ ပြိုင်ဘက်တွေထက် ဦးအောင် နည်းပညာသုံးပြီး အဆင့်မြှင့်တင်ပါ။*


**ဆက်သွယ်ရန် လိပ်စာ**

**မြန် မာ့ အင် တာ နက်**

၃/၁ မြန်မာအင်ဖိုတက်၊ လှိုင်မြို့နယ်၊
၁၁၀၅၂၊ ရန်ကုန်မြို့
ဖုန်း။ (+၉၅–၁) ၆၅၂၂၅၀၊ ၆၅၂၃၂၃
w: http://www.myanmars.net
e: sales@myanmars.net
t: (+95-1) 652250, 652323


မြန်မာ့အင်တာနက်
mm
myanmars.net

**CALL +95-1**
**652250, 652323**

## web site တင်တာကို အင်တာနက်ပေါ်မှာ ရုံးခန်း ဖွင့်တယ်လို့ ဘာလို့ပြောတာလဲ?


Web site နဲ့ အင်တာနက်ပေါ်မှာ ကြော်ငြာတယ် ဆိုတာ သမရိုးကျ ကြော်ငြာတွေလို ပုံလေးတစ်ပုံ၊ စာတစ်ကြောင်း၊ video ၃၀စက္ကန့်နဲ့ ကြော်ငြာတာမျိုး လုံးဝမဟုတ်ပါဘူး။ ကုမ္ပဏီ အကြောင်း၊ သင့်ရောင်းကုန် ပစ္စည်းတွေ အကြောင်းကို စာမျက်နှာပေါင်းရာနဲ့ချီပြီး ပုံတွေ၊ စာတွေ၊ animation အသံတွေ ဆွဲဆောင်မှု ကောင်းအောင် မှတ်မိသွားအောင် တင်ပြနိုင်ပါတယ်။ ကြည့်တဲ့သူကလည်း အစအဆုံးထိုင်စောင့်စရာ မလိုပါဘူး။ သူစိတ်ဝင်စားတဲ့အပိုင်းကိုဘဲ ရွေးကြည့်နိုင် တယ်။ ကျော်ကြည့်နိုင်တယ်။ သင်ရုံးခန်းပိတ်ထားတဲ့ အချိန်၊ သင်အိပ်နေချိန်မှာတောင် web site က အော်ဒါ တွေကို လက်ခံပေးနေမယ်၊ လူတွေမေးတတ်တဲ့ မေးခွန်းတွေကို ပြန်ဖြေပေးနေမယ်။ full-fledge e-commerce site ဆိုရင် credit card နံပါတ်ကို လက်ခံပြီးတာနဲ့ကိုယ့် bank account ထဲထိ ပိုက်ဆံ တိုက်ရိုက် ထည့်ပေး နိုင်ပါတယ်။ web site လုပ်တယ် ဆိုတာ ကြော်ငြာ တာတင် မဟုတ်ဘဲ သင့်ဝန်ထမ်းတွေ လုပ်လေ့ရှိတဲ့ အလုပ်တွေကို ကွန်ပျူတာကို ဝေမျှပြီးခိုင်းတဲ့ သဘောပါဘဲ။ ဒါကြောင့် "Open your digital office" လို့ ပြောရတာပါ။

## Myanmars.NET ကဘာတွေလုပ်ပေးလဲ?

web page တွေ၊ web site တွေ ဆောက်ပေးပါတယ်။ ဒါကို အင်တာနက်ပေါ်မှာ ကြော်ငြာတင်ပေးတယ်လို့ လွယ်လွယ် ပြောကြလေ့ ရှိပါတယ်။ လူကြီးမင်းတို့ ရောင်းချင်တဲ့ ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကို ၂၄နာရီ၊ တစ်နှစ်ပတ်လုံး ပိတ်ရက်မရှိ ရောင်းအောင် အင်တာနက် ပေါ်မှာ ဆိုင်ခန်းဖွင့်ပေးတဲ့ အလုပ် လုပ်ပါတယ်။ website ရှိပြီးသားသူတွေကိုလည်း အောင်မြင်တဲ့ website ဖြစ်လာအောင် ဝန်ဆောင်မှုတွေပေးပါတယ်။

## အင်တာနက်သုံးတဲ့သူတွေ ဘယ်လောက်များပြီလဲ?

ကမ္ဘာမှာ လူ၃ယောက်မှာ တစ်ယောက်က အင်တာနက် သုံးနေပါပြီ။ အခု သန်း ၂၀၀၀ ဝန်းကျင်ရှိပါပြီ။ အာရှမှာသန်း ၁၀၀၀ လောက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အင်တာနက်သုံးတဲ့သူ တော်တော် များလာပါပြီ။




## မြန်မာတွေ အင်တာနက်သုံးတာ များလာပြီလား?

အကြီးဆုံး အင်တာနက် လမ်းညွှန်ထဲမှာ myanmar လို့ ရှာကြည့်ရင် web page ပေါင်း ၂၀၀,၀၀၀,၀၀၀ (သန်း ၂၀၀) လောက်ရှိတယ်လို့ ထုတ်ပြပါတယ်။ မြန်မာပြည် အကြောင်း ရေးထားတဲ့ စာမျက်နှာတွေ အဲဒီလောက် များနေပါပြီ။ ကြုံတုန်းပြောချင်တာက google.com က မြန်မာနဲ့ ပတ်သက်တဲ့ အကောင်းဆုံး ဝဗ်ဆိုက် ၁၀ ခုမှာ ကျွန်တော်တို့ရဲ့ Myanmars.NET ပါပါတယ်။

Google
bing
YAHOO!

## Search-engine ဆိုတာဘာလဲ?

Search-engine ဆိုတာ အင်တာနက် လမ်းညွှန်လို့ ဆိုနိုင်ပါတယ်။ အင်တာနက်ဆိုတာ ကြီးမား ကျယ်ပြန့် လွန်းတဲ့ အတွက် အင်တာနက်လမ်းညွှန် ဆိုတာ အင်တာနက်ရဲ့ အသက်ပါ။ ကမ္ဘာ့အံ့ဖွယ် တစ်ခုလို့လည်း ခေါ်နိုင်ပါတယ်။ တစ်ကမ္ဘာလုံးက web page ပေါင်း ၁၀,၀၀၀ လောက်ထဲက စာလုံးတစ်လုံး (သို့) နာမည်တစ်ခုပါတဲ့ web page ကို ရှာခိုင်းရင် တစ်စက္ကန့် အတွင်း ဆွဲထုတ်ပေးနိုင်ပါတယ်။ ကုမ္ပဏီ တစ်ခုကို ဘာဘဲလိုလို လမ်းညွှန်မှာ ရှာရင်တောင် ၂ မိနစ် ကြာပါတယ်။ ဒါပေမဲ့ အင်တာနက်မှာ ရှာရင် ၅ စက္ကန့် လောက်ဘဲ ကြာပါတယ်။

## Google, Bing, Yahoo ဆိုတာ ဘာလဲ?

Google, Bing/MSN နဲ့ Yahoo! ဆိုတာကမ္ဘာပေါ်မှာ အအောင်မြင်ဆုံး လူကြည့်အများဆုံး web site တွေဖြစ်ပါတယ်။ သူတို့ရဲ့ အဓိက လုပ်ငန်းကတော့ အင်တာနက် လမ်းညွှန်ပါ။ အခမဲ့ ပေးတဲ့ email နဲ့ ကြော်ငြာလုပ်ငန်း နဲ့ အခြားလုပ်ငန်း မျိုးစုံလည်း လုပ်ပါတယ်။

အင်တာနက်ပေါ်မှာ
ဆိုင်ဖွင့်ရောင်းပါ။



## ဘယ်သူတွေ ဝဗ်ဆိုက်လုပ်သင့်သလဲ

ပြည်ပနဲ့ ဆက်သွယ်လုပ်ရတဲ့ လုပ်ငန်းတွေ အတွက်ကတော့ မရှိမဖြစ်ပါ။ ဟိုတယ်နဲ့ ခရီးသွား လုပ်ငန်းတွေ၊ ပို့ကုန် လုပ်ငန်းရှင်တွေ၊ ကုန်ထုတ် လုပ်ငန်းတွေ အတွက် အရမ်း အကျိုးရှိပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေလဲ လုပ်ငန်းအငယ် များကလွဲလို့၊ လုပ်ငန်း အလတ်တွေ အကြီးတွေ အကုန် လုပ်သင့်ပါတယ်။ အထူးသဖြင့် ဘဏ်၊ ဆေးရုံ၊ စားသောက်ဆိုင်၊ လက်ဝတ်ရတနာ ရွှေဆိုင် စတဲ့ လူအများရဲ့ ယုံကြည်မှု၊ အားကိုးမှုကို ပိုလိုအပ်တဲ့ လုပ်ငန်း အမျိုးအစားတွေအတွက် အဓိက ပိုလိုပါတယ်။

အတိုဆုံး ပြောရရင် သင့်လုပ်ငန်းရဲ့ တစ်နှစ် ကြော်ငြာ အသုံးစရိတ်ဟာ ၁၀ သိန်းကျော် ရှိတယ်ဆိုတဲ့ လုပ်ငန်းအရွယ်အစားဆိုရင် သေချာပါတယ်။ ဝဗ်ဆိုက် မရှိ မဖြစ် လိုအပ်နေပါပြီ။

သင်ကိုယ်တိုင်က အင်တာနက် အကြောင်း မသိလို့ မသုံးဖြစ်သေးတာနဲ့ သင့်လုပ်ငန်း အတွက် ဝဗ်ဆိုက် မလိုဘူးလို့ မှားပြီး မဆုံးဖြတ်မိ ပါစေနဲ့။

## ဝဗ်ဆိုက်လုပ်ဘို့ အင်တာနက် တပ်ထားဘို့ လိုလား?

မလိုပါဘူး။ ရုပ်မြင်သံကြား ကြော်ငြာတွေလိုဘဲ သင်ရောင်းလိုတာကို လူအများ နားလည် သိရှိပြီး ကြိုက်နှစ်သက်လာဘို့ ရှင်းပြနိုင်ဘို့က အဓိက ကျပါတယ်။ သင်ရောင်းကုန်ကို စိတ်ထဲ မှတ်မိပြီး ဖုန်းဘဲကောက် ဆက်ဆက်၊ လူဘဲ ရောက်လာလာ သင့်လုပ်ငန်းကို အထောက်အကူ ပြုတယ်ဆိုရင် ဝဗ်ဆိုက်လုပ်ရကျိုး နပ်ပါတယ်။ လုပ်ကြည့်ပါ။

## ဒေါ့ကွန်း (dot com) ဆိုတာကရော ဘာလဲ?

အသုံးများဆုံး domain extension တစ်ခုဖြစ်ပါတယ်။ ကွန်ပျူတာ ဖိုင်တွေကို .xls, .doc, .txt စသဖြင့် အမျိုးအစား ခွဲထားကြသလို domain တွေကို နာမည် ကြည့်လိုက်တာနဲ့ ဘာအမျိုးအစား ဖြစ်တယ် ဆိုတာ သိနိုင်အောင် ခွဲထားတာ ဖြစ်ပါတယ်။

companies များအတွက် .com (ဥပမာ cnn.com)
network များအတွက် .net
organization များအတွက် .org
government များအတွက် .gov
asia အတွက် .asia
tourism အတွက် .travel

## Domain ဆိုတာဘာလဲ?

ဒိုမိန်းဆိုတာ သင့်လုပ်ငန်းအတွက် အင်တာနက် လိပ်စာ ပါ။ အိမ်နံပါတ်၊ လမ်းအမည်၊ ရပ်ကွက်၊ မြို့၊ နိုင်ငံ အမည် တွေ ဘာတစ်လုံးမှ ပြောစရာမလိုဘဲ၊ သင့်လုပ်ငန်း အမည်ပေါက် ဒိုမိန်း လိပ်စာလေးကို click လိုက်တာနဲ့ တစ်ကမ္ဘာလုံးကနေ သင့်အင်တာနက် ရုံးခန်းကို စက္ကန့်ပိုင်းအတွင်း ရောက်လာနိုင်တဲ့ လိပ်စာပါ။ ဘယ်လောက် လွယ်သလဲဆို ကွန်ပျူတာထဲမှာ airmandalay.com ဆိုတဲ့ စာလုံးလေးဘဲ ရိုက်ထည့် လိုက်တာနဲ့၊ ဈေးဝယ်မဲ့သူက တစ်ကမ္ဘာလုံးက ဘယ်နေရာက မဆို ဘယ်လောက်ဘဲ ဝေးဝေး၊ Air Mandalay လေကြောင်းလိုင်းရဲ့ web site ရုံးခန်းထဲကို စက္ကန့်ပိုင်းအတွင်းမှာ ရောက်လာပါ လိမ့်မယ်။

## Domain ဆိုတာ ဘာကြောင့်အရေးကြီးတာလဲ?

ဒိုမိန်းဆိုတာ တစ်ကမ္ဘာလုံး နာမည်တူ လုံးဝမရှိလို့ပါ။ ဒါကြောင့် ကိုယ်လိုချင်တဲ့ domain name ကို စောစောစီးစီး ပိုင်ဆိုင်ထားဖို့ အရေးကြီးပါတယ်။ အခြား တစ်ယောက်က ယူသွားပြီးရင် သင့်အနေနဲ့ ပြန်မရနိုင် တော့ပါဘူး။

## Domain ကိုဘယ်လိုဝယ်ရမလဲ?

Myanmars.NET ကရောင်းပါတယ်။ အနည်းဆုံး တစ် နှစ်စာ ဝယ်ရပါမယ်။ နှစ်စဉ် သက်တမ်းတိုးပြီး ဆက်ပိုင်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ယူထားပြီးသား domain နာမည်ကိုတော့ ပြောင်းလို့မှာ မဟုတ်ပါဘူး။ အသစ်ဝယ်မှ ရပါမယ်။

## web site လုပ်ဘို့ ဘာတွေ လိုလဲ?

လူကြီးမင်းတို့ ရောင်းတဲ့ ကုန်ပစ္စည်းအကြောင်း၊ ဝန်ဆောင်မှုတွေအကြောင်း ရေးထားဘို့ လိုပါမယ်။ web site ထဲမှာ ထည့်မဲ့ စာတွေရယ်၊ ပုံတွေရယ် ရှိရင်ရပါပြီ။ လက်ကမ်း ကြော်ငြာ brochure လုပ်ထားတာရှိရင် ပိုအဆင်ပြေပါတယ်။ ကျန်တာကို မြန်မာနက်က ဝန်ဆောင်မှု ပေးနိုင်ပါတယ်။

## ဓာတ်ပုံမရှိဘူးဖြစ်နေတယ်၊၊ ဘယ်လိုလုပ်ရမလဲ?

Myanmars.NET က ဓာတ်ပုံ လိုက်ရိုက် ပေးနိုင်ပါတယ်။ professional ဓာတ်ပုံဆရာလောက် မကောင်းနိုင်ပေမဲ့ အလုပ်ဖြစ်ပါတယ်။ ဓာတ်ပုံတွေ လိုရင်လည်း Myanmars.NET မှာ စုဆောင်းထားတဲ့ ဓာတ်ပုံ ၃ သောင်းလောက် ရှိပါတယ်။

## Myanmars.Net နဲ့ကြော်ငြာ ဘယ်သူလုပ်လဲ?

web site / domain ပိုင်ရှင် စုစုပေါင်း ၁၀၀၀ ကျော်ဟာ နိုင်ငံ ၁၆ နိုင်ငံမှာ ရှိပါတယ်။ စီးပွားရေး လုပ်ငန်း အမျိုးအစား ၄၃ မျိုးက လုပ်ငန်းရှင်တွေ လုပ်ထားပြီး ဖြစ်ပါတယ်။ www.myanmars.net မှာ ဝင်ကြည့် နိုင်ပါတယ်။